မြန်မာနိုင်ငံရှိ လူကုန်ကူးမှု တိုင်ကြားရန်
အရေးပေါ်ဖုန်းနံပါတ် . . . . .
၀၉ ၄၉ ၅၅၅ ၆၆၆၊
၀၉ ၄၉ ၅၅၅ ၇၇၇၊
၀၉ ၄၉ ၅၅၅ ၈၈၈၊
၀၉ ၄၉ ၅၅၅ ၉၉၉

လူမှုဝန်ထမ်းသတင်းအချက်အလက်မျှဝေရာဌာန
ဖုန်းနံပါတ် . . . . .
၀၁ ၆၆၆၆ ၁၉

မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် UNICEF တို့မှ ပူးပေါင်းထုတ်ဝေသည်။
(၂၀၁၅၊ အောက်တိုဘာ)

unicef

# ကလေးသူငယ်များနှင့် လူငယ်များအတွက် လုံခြုံစိတ်ချရသော ရွှေ့ပြောင်းသွားလာမှု ဆိုင်ရာ အချက်အလက်များ





သတိရှိပါ .. လူကုန်ကူး ခေါင်းပုံဖြတ် မခံရစေရန် မိမိကိုယ်ကို ကာကွယ်ပါ

# သတိရှိပါ

## လူကုန်ကူးခေါင်းပုံဖြတ်မခံရစေရန်

## မိမိကိုယ်ကိုကာကွယ်ပါ

သင်နဲ့ သင့်မိသားစုတို့ဟာလည်း ပိုမိုကောင်းမွန်တဲ့ အခွင့်အလမ်းတွေရှိတဲ့ နေရာသစ်ကို ရွှေ့ပြောင်းဖို့ စဉ်းစားနေပါလိမ့်မယ်။ ရွှေ့ပြောင်းသွားလာဖို့နဲ့ အလုပ်အကိုင် ရှာပေးဖို့အတွက်အကူအညီပေးမယ့်သူ (သို့) ပွဲစား (သို့) အလုပ်ရှင်တွေ ရှိနိုင်ပါတယ်။ တချို့လူတွေအနေနဲ့ လူကုန်ကူးမှု၊ ခေါင်းပုံဖြတ်မှုဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့မမှန်ကန်တဲ့ သတင်းအချက် အလက်တွေကို ပေးနိုင်ပါတယ်။



လူတစ်ဦးတစ်ယောက်က သင့်ထံကိုတိုက်ရိုက် သော်လည်းကောင်း မိတ်ဆွေများမှတဆင့် သော်လည်း ကောင်း မြန်မာနိုင်ငံရဲ့အခြားဒေသတစ်ခုခု မှာ ဒါမှမဟုတ် နိုင်ငံရပ်ခြားမှာ အလုပ် ရှာပေး မယ်၊ အလုပ် ပေးနိုင်တယ်လို့ပြောပြီး စည်းရုံးကမ်းလှမ်းလာခဲ့ရင်တော့ သေသေချာချာ စဉ်းစားပါ၊

မိသားစုဝင်များ၊ ကလေးသူငယ်များကို အကူညီပေးနေသော လူမှုအဖွဲ့အစည်းများနှင့်တိုင်ပင်ပါ။ သင့်မိသားစုဝင်များကို အသိမပေးဘဲ ဘယ်တော့မှ လိုက်ပါမသွားပါနဲ့။



သင်အခြားဒေသကိုရွှေ့ပြောင်းသွားလာဖို့ဆုံးဖြတ်ချက်မချမီ။ သင်ကိုသင်ကာကွယ်နိုင်ဖို့အတွက်နဲ့ လုံခြုံစိတ်ချစေဖို့အတွက် အောက်တွင်ဖေါ်ပြထားသော အချက်များကို ဘေးရှိ အကွက် အတွင်းခြစ်၍ မိမိကိုယ်ကို စစ်ဆေးပါ

- [ ] ရွှေ့ပြောင်းသွားလာဖို့(သို့)တခြားဒေသမှာအလုပ်သွားလုပ်ဖို့နဲ့ ပတ်သက်ပြီးကလေးသူငယ်များကို အကူညီပေးနေတဲ့အဖွဲ့ အစည်းတွေ၊ မိသားစုဝင်တွေနဲ့တိုင်ပင်ပြီးပြီ။

- [ ] ငါလိုပဲကမ်းလှမ်းချက်ရရှိပြီးသွားရောက်အလုပ်လုပ်ကိုင်နေတဲ့ မိတ်ဆွေသူငယ်ချင်းတွေဆီကတစ်ဆင့် စုံစမ်းပြီးပြီ၊ သူတို့ ကိုယ်တိုင်လည်း ကောင်းမွန်လုံခြုံစွာအလုပ်လုပ်နေကြောင်း သိရှိ ရပြီးပြီ။

- [ ] ငါ့ကိုလိုက်ပါပို့ဆောင်မည့်သူ (သို့) ငါ့ကိုခေါ်သွားမည့်သူ အကြောင်းကို သေချာသိရှိ စုံစမ်းပြီးပြီ။



- [ ] ငါဘယ်လို ခရီးသွားရမယ်ဆိုတာကို သေချာသိထားပြီးပြီ။
(ကား၊ လှေ၊ သင်္ဘော၊ စက်လှေ၊ ဘတ်စ်ကား၊ လေယာဉ်)

- [ ] ငါခရီးဆုံးရင်တွေ့မယ့်သူ(အလုပ်ရှင်)ရဲ့နာမည်၊ ဆက်သွယ်နိုင်သည့် အချက်အလက် အသေးစိတ် တွေကို သေချာ သိပြီးပြီ။

- [ ] ငါဘယ်မှာနေထိုင်ရမယ်ဆိုတာသေချာသိထားပြီးပြီ။

- [ ] ငါလုပ်ရမယ့် အလုပ်ချိန်ကို သေချာသိရှိပြီးပြီ။

- [ ] ငါဘယ်နေရာမှာ အလုပ်လုပ်ရမယ်ဆိုတာ သေသေချာချာ သိရှိပြီးပြီ။

- [ ] ငါလစာဘယ်လောက်ရမလဲ။ ဘယ်လိုရရှိမလဲ။ ဘယ်လို ဖြတ်တောက်မှုတွေ ရှိမလဲဆိုတာ သိရှိပြီးပြီ။

- [ ] ငါ့မှာမိသားစုနဲ့ဆက်သွယ်ခွင့်ရှိမရှိနဲ့၊ဘယ်လိုဆက်သွယ်ရမယ် ဆိုတာသိရှိပြီးပြီ။(လက်ကိုင်ဖုန်း၊ ကြိုးဖုန်း)



# အမြဲသတိရှိပါ...... အဆင်ပြေတဲ့အချိန်တိုင်းသင့်မိသားစုဝင်များ၊ ကလေးသူငယ်များကိုအကူညီပေးနေသောအဖွဲ့အစည်းများနဲ့ အဆက်အသွယ်ပြုလုပ်ပါ

သင် အထက်ပါအချက်အလက်တွေ အကုန်လုံးရဲ့အဖြေကို ရရှိပြီးသော်လည်း လူပွဲစားများ၊ လူကုန် ကူးသူ များနဲ့ ရင်ဆိုင် ရနိုင် ပါတယ်။ ဒါကြောင့် သင့်မိသားစုဝင်များ၊ ကလေးသူငယ် များကို အကူညီပေးနေသော အဖွဲ့အစည်းများနဲ့ အတတ်နိုင်ဆုံး ဆွေးနွေးကြည့်ဖို့လိုအပ်ပါတယ်။ တခါတရံမှာ ပွဲစားတွေဟာ သင့် မိဘတွေကို ကြိုတင်ငွေပေးပြီး စစ်မှန်တဲ့အလုပ်ဖြစ်ကြောင်း စည်းရုံးသိမ်းသွင်းနိုင်ပါတယ်။ သင့်ဆီက မှတ်ပုံ တင်၊ အရေးကြီး စာရွက်စာတမ်း တွေကိုသိမ်းဆည်းထားပြီး၊ ပြန်မပေးတာမျိုးလည်း ဖြစ်နိုင်ပါတယ်။ သင့်ကို ဖုန်းနံပါတ်အမှားတွေပေးပြီး သင် ခရီးသွား လာဖို့အတွက် ဆောင်ရွက်ပေးနိုင်ကြောင်း ပြောလာနိုင်ပါတယ်။ ပွဲစားက သင့်ကို မြန်မြန်ဆုံးဖြတ်ခိုင်းပြီး၊ သင့်ကိုယ်စား မိသားစု တွေကို ဆက်သွယ်ပေးမှာ ဖြစ်တာကြောင့်၊ သူတို့နဲ့အတူ အမြန်ဆုံး ထွက်ခွာဖို့ပြောကြားလာနိုင်ပါတယ်။



## မြန်မာနိုင်ငံရဲ့ ဥပဒေအရ အသက် (၁၈) နှစ်အောက် ကလေးများဟာ တခြားနိုင်ငံ (နိုင်ငံရပ်ခြား) မှာ အလုပ်လုပ်ခွင့်မရှိပါ။



မြန်မာနိုင်ငံမှာ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေအရ -

- အသက်(၁၄) နှစ်အောက်ကလေးများဟာ အလုပ်လုပ်ခွင့် မရှိပါဘူး။
- မည်သည့်လူငယ်(အသက် ၁၄နှစ် မှ ၁၈နှစ် အတွင်း) ကိုမျှ ဘေး အန္တရာယ်ရှိစေခြင်း၊ ကျန်းမာ ရေး ထိခိုက်စေခြင်း၊ ပညာသင်ကြား နိုင်သည့်အခွင့်အရေးကို အနှောင့်အ ယှက် ဖြစ်စေခြင်း၊ စာရိတ္တနှင့် ဂုဏ်သိက္ခာကို ထိခိုက်စေခြင်း၊ လုပ်အားခေါင်း ပုံဖြတ် ခြင်း စသည့် အဆိုးရွားဆုံး ပုံစံများဖြင့် အလုပ်ခိုင်းစေခြင်း မပြုရ။

## အကယ်၍သင်ဟာ(၁၄)နှစ်ပြည့်ပြီး အသက်(၁၈)နှစ်အောက် ဖြစ်ခဲ့ပြီး နိုင်ငံတွင်းမှာအလုပ်လုပ်မယ်ဆိုယင်..

အထက်ပါအချက်အလက်များအပြင်အောက်ဖော်ပြပါအချက်အလက်များကို ဘေးရှိအကွက် အတွင်းခြစ်၍ မိမိကိုယ်ကို ဆက်လက် စစ်ဆေးပါ။

- ☐ ငါ့ရဲ့အသက်ဟာ အသက်(၁၄) နှစ်ပြည့်ပြီ။
- ☐ ငါ ဘယ်အလုပ်မျိုးကိုလုပ်ရမယ်ဆိုတာ၊ ဘာတာဝန်ကို ယူရမယ်ဆိုတာ သေချာသိရှိပြီးပြီ။
- ☐ ငါလုပ်ရမဲ့အလုပ်ဟာငါ့အတွက် ခက်ခဲကြမ်းတမ်းတဲ့အလုပ် မဟုတ်ပါ၊ ငါဟာ အလေးအပင်တွေကို မသယ်ဆောင်ရပါ၊ အရမ်းပူတဲ့နေရာ၊ ဖုန်တအားထူတဲ့နေရာ၊ အရမ်းမြင့်တဲ့နေရာ၊ ဓာတ်ငွေ့တွေ ရှူရှိုက်ရတဲ့ နေရာအပြင် ငါ့ရဲ့ကျန်းမာရေး(သို့) လုံခြုံရေးကို ထိခိုက်စေနိုင်တဲ့ အခြားအန္တရာယ်ရှိတဲ့ နေရာ တွေမှာ အလုပ်မလုပ်ရဘူးဆိုတာသေချာသိထားပါတယ်။
- ☐ ငါလုပ်ရမယ့်အလုပ်ချိန်ဟာ ညနေ(၆) နာရီမှ နံနက် (၆) နာရီအတွင်းမဟုတ်ပါ။
- ☐ ငါ့ရဲအလုပ်ရှင်ဟာအလုပ်နားချိန်အပါအဝင် အလုပ်နားဖို့ နေရာတွေစီစဉ်ပေးထားတယ်။

သင့်မိသားစုနဲ့ သင်ယုံကြည်စိတ်ချရတဲ့ သူတွေကို သင့်အလုပ်အကြောင်း ထပ်မံပြောပြပါ။ တချို့ပွဲစားတွေ၊ အလုပ်ရှင်တွေဟာ သတင်းအချက်အလက် အမှားတွေ ပေးနိုင်တဲ့အတွက်ကြောင့် သင့်ရဲ့အုပ်ထိန်းသူတွေ၊ သင်ယုံကြည်စိတ်ချရတဲ့သူတွေနဲ့ တိုင်ပင်ပြီး အကြံဉာဏ်ရယူဖို့အရေးကြီးပါတယ်။




အလုပ်ရှင်ကသင့်ကိုရိုက်နှက်ခြင်း၊ ခန္ဓာကိုယ်ကိုတစ်နည်းနည်းနဲ့ ထိခိုက်အောင်ပြုလုပ်ခဲ့ခြင်း၊ ခြိမ်းခြောက် ခြင်း၊ လိင်ပိုင်းဆိုင်ရာ ကျူးလွန်စော်ကားခြင်းနှင့် ကျူးလွန်စော်ကားရန်ကြိုးစားခြင်း များဟာ ပြစ်မှုမြောက် တယ်ဆိုတာကို သင်သတိရပါ။ အဲ့ဒီလိုအခြေအနေမျိုးဖြစ်လာခဲ့ရင် သင့်မိသားစုကိုဆက်သွယ်ပါ၊ ကလေးများ ကိုအကူညီပေးနေသောအဖွဲ့အစည်းများနဲ့ ဆက်သွယ်ပါ၊ ရဲအရာရှိများ ထံတွင် အကူညီတောင်းပါ။





## သင်တခြားနေရာဒေသသို့သွားဖို့ ဆုံးဖြတ်ပြီးပြီဆိုရင်၊ သင့်မိသားစုနဲ့ အဆက်အသွယ်မပြတ်စေဖို့ ပြင်ဆင် ရန်လိုအပ်ပါလိမ့်မယ် ……

### သင်ရဲ့လုံခြုံရေးအတွက် အောက်ဖော်ပြပါအချက်အလက်များကို သင်ပြင်ဆင်ပါ။

- [ ] အလုပ်နှင့်ပတ်သက်ပြီး မိမိကိုလာခေါ်သူ၊ ပွဲစား (သို့) အလုပ်ရှင်နဲ့ ပတ်သက်တဲ့ မှတ်ပုံတင်မိတ္တူ၊ လိပ်စာ ဖုန်းနံပါတ် တွေကိုစုဆောင်း ပြီးမိသားစုထံပေးခဲ့ပါ။ ပွဲစား၊ အလုပ်ရှင်တွေရဲ့ဓါတ်ပုံတွေ ရနိုင်မယ် ဆိုရင် ဓါတ်ပုံတွေပါ မိသားစုထံပေးခဲ့ပါ။ မိသားစုကသင့်ရဲ့အလုပ် ရှင်ကို ဘယ်လိုဆက်သွယ်နိုင်တယ်၊ ဘယ်လို ဆက်သွယ်လို့ ရတယ်ဆိုတာ အမြဲသိထားသင့်တယ်။
- [ ] လိုအပ်ရင်အကူညီတောင်းနိုင်ရန်အတွက်မိသားစုဝင်များ၏ လိပ်စာ နှင့် ဖုန်းနံပါတ်များ၊ ကလေး သူငယ် များကို အကူညီပေးနေသော အဖွဲ့အစည်းများ၏ လိပ်စာနှင့် ဖုန်းနံပါတ်များ၊ အခြားစိတ်ချယုံ ကြည်ရသူများ၏လိပ်စာနှင့် ဖုန်းနံပါတ်များ ကိုစုဆောင်းပါ။ တချို့ အရေးကြီးတဲ့ လိပ်စာ နဲ့ ဖုန်းနံပါတ် တွေကို အလွတ်ကျက်မှတ် ထားပါ။ ဖုန်းနံပါတ်တချို့ကို နောက်စာမျက်နှာမှာ ပူးတွဲ ဖော်ပြ ထားပါတယ်။
- [ ] အကူညီတောင်းနိုင်တဲ့ သူတွေရဲ့အီးမေးလ်လိပ်စာများကို စုဆောင်းပြီး အလွတ်ကျက်မှတ်ထားပါ။
- [ ] ဖြစ်နိုင်ပါက မိုဘိုင်းဖုန်းတစ်လုံး သင်နဲ့အတူယူဆောင်သွားပါ။

## အခြားဒေသသို့စတင်ထွက်ခွာရာလမ်းတလျှောက်မှာတော့ သတိရှိပါ

အောက်ဖော်ပြပါအချက်အလက်များကိုလေ့လာအကဲခတ်ပါ –

- မိမိကိုမည်သည့်လမ်းကြောင်းမှခေါ်ဆောင်သွားသလဲ၊ ခရီးလမ်းကြောင်း စတင်ဖို့အကူ အညီ ပေးခဲ့သော သူနှင့် အတူတကွ သွားနေသလား၊
- ခရီးသွားစဉ် ကားအတွင်း(သို့) လှေအတွင်း ပုန်းပြီးသွားရသလား၊
- စစ်ဆေးရေးဂိတ်တွေကို ဘယ်လိုကျော်ဖြတ်သွားသလဲ၊ (သို့) ဂိတ်တွေကိုမဖြတ်ကျော်ဘဲ လမ်းကြို လမ်းကြားမှ သွားလာနေသလား၊ လိမ်ညာဖြေကြားဖို့
- တရားဝင်လမ်းကြောင်းကနေခေါ်ဆောင်သွားတယ်လို့ သင်ထင်ပါသလား၊
- လမ်းတစ်လျှောက်မှာရဲစခန်း၊ဘုရားကျောင်း၊ ဘုန်းကြီး ကျောင်း အစရှိတွေဘယ်မှာနားမှာ ရှိသလဲ၊

အထက်ပါအချက်အလက်တွေဟာ သံသယဖြစ်စရာတွေဖြစ်နေရင် ဒါမှမဟုတ် ခရီးလမ်းကြောင်းဟာ သင့်ကိုပြောထားတာနဲ့တခြားစီဖြစ်နေမယ်ဆိုရင်  ခေါင်းပုံဖြတ်ခံရနိုင်ဖို့ အခြေအနေ ပိုများနေပြီး လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ထံသို့အကြောင်းကြားပါ။ (လူကုန်ကူး အရေးပေါ် ဖုန်းနံ ပါတ် များ နောက်တွင်ပူးတွဲပါရှိပါသည်) လိုအပ်ပါက အကူအညီ တောင်းနိုင်ရန် အတွက် လမ်းတစ်လျှောက်မှာ ရှိတဲ့ ရဲစခန်း၊ ဘုရားကျောင်း၊ ဘုန်းကြီး ကျောင်းအစရှိသည့် နေရာများကို အကဲခတ်လေ့လာထားပါ။

**သတိရှိခြင်းကသင့်ကိုသင် ဒုက္ခရောက်မရောက်စေဖို့ အကူညီဖြစ်မှာပါ။**




သင်သွားရောက်ရမည့်နေရာကို ရောက်ရှိသွားပြီးဆိုရင်တော့......
သင်ယုံကြည်စိတ်ချရသောသူများနှင့် အဆက်အသွယ်ရှိပါစေ
အောက်ဖော်ပြပါအချက်အလက်များကိုဘေးရှိ အကွက်အတွင်း
ခြစ်၍ မိမိကိုယ်ကို စစ်ဆေးပြီး ဆက်လက်ပြင်ဆင်ပါ။

- [ ] မိသားစု(သို့) ဆွေမျိုးများထံသို့ ပြန်လည်ဆက်သွယ်ပြီးပြီ။ မကြာခဏလည်း အဆက်အသွယ် ရှိတယ်။
- [ ] မိသားစုကသင်နဲ့ ပတ်သက်တဲ့ အရေးကြီးသည့် အချက်အလက်တွေကို သိရှိနေပြီ။ (ဥပမာ – သင်၏အလုပ်၊ အလုပ်ရှင်အမည်၊ သင်မည်သည့် နေရာတွင်နေသည်၊ မည်သူနှင့် နေသည် အစရှိသည်ဖြင့်)
- [ ] ဘာသာရေး၊လူမှုရေး အသင်းအဖွဲ့တွေ၊ ကလေးသူငယ်များနဲ့ ပတ်သက်ပြီးကူညီပေးနေတဲ့ အဖွဲ့အစည်းတွေ၊ အခြားလူမှု အဖွဲ့အစည်းတွေ၊ သံရုံး အဆက်အသွယ်ရှိတယ်။
- [ ] လိုအပ်ပါက အကူ ညီပေး နိုင်တဲ့ မိတ်ဆွေ သူငယ်ချင်းတွေ၊ ယုံကြည်စိတ်ချရတဲ့သူတွေနဲ့ အဆက် အသွယ် ရှိတယ်။



သင် ရဲ့စိတ်ထဲမှာ သက်ာမကောင်းသလို ဖြစ်ပြီး၊ စိတ်မသက်သာ သလို  စတင်ခံစား လိုက်ရပါက ဆက်လက် လိုက်ပါ လုပ်ဆောင် နေခြင်း မပြုပဲ ချက်ချင်းရပ်လိုက်ပါ။ လူကုန်ကူးမှု တိုင်ကြားရန် အရေး ပေါ် ဖုန်းနံပါတ်များကို ချက်ချင်း အကြောင်းကြားပါ။



- **မြန်မာနိုင်ငံရှိ လူကုန်ကူးမှု တိုင်ကြားရန် အရေးပေါ်ဖုန်းနံပါတ် . . . . .**

  ၀၉ ၄၉ ၅၅၅ ၆၆၆၊

  ၀၉ ၄၉ ၅၅၅ ၇၇၇၊

  ၀၉ ၄၉ ၅၅၅ ၈၈၈၊

  ၀၉ ၄၉ ၅၅၅ ၉၉၉

- **လူမှုဝန်ထမ်းသတင်းအချက်အလက်မျှဝေရာဌာနဖုန်းနံပါတ် . . . . .**

  ၀၁ ၆၆၆၆ ၁၉

အကယ်၍များသင်ဟာ ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံများသို့ရောက်ရှိ
နေပြီး လူကုန်ကူးမှုနှင့်ပတ်သက်၍ အရေးပေါ်အကူညီလိုအပ်
ပါက အောက်ပါ ဖုန်းနံပါတ်များကို ဆက်သွယ်အကူညီတောင်းပါ။

## တရုတ်နိုင်ငံ

- မြန်မာသံရုံး
  ၂ ဒုန်ဇီမန် အပြင်လမ်း၊ ချောင်ရန်၊ ဘေကျင်းမြို့၊
  ၀၁၀ ၆၅၃၂ ၀၃၅၉

- မြန်မာ ကောင်စစ်ဝန်ရုံး၊ ကူမင်း
  အမှတ် ၉၉၊ ယင်းဘင် လူ၊ ဂွမ်ဒုကျူ၊ ကူမင်းမြို့၊
  ယူနန် ခရိုင်၊ တရုတ်နိုင်ငံ
  ၀၈၇၁ – ၈၁၆ ၂၈၀၆၊ ၈၁၆ ၂၈၁၄

- မြန်မာ ကောင်စစ်ဝန်ရုံး၊ နန်နင်း
  အမှတ် ၁၆ – ၇၊ ဂွီဟွာလမ်း၊ ကောင်စစ်ဝန် ရပ်
  နန်နင် ၅၃၀၀၂၈၊ ဂွမ်ရှီ ခရိုင်၊ တရုတ်နိုင်ငံ
  ၀၇၇၁ ၅၆၇ ၂၈၄၅၊ ၅၆၇ ၂၃၉၁

- အရေးပေါ်ဖုန်းလိုင်း – ၁၁၀၁

# ထိုင်းနိုင်ငံ

- မြန်မာသံရုံး
  ဘန်းရတ်၊ จังหวัด กรุงเทพมหานคร ၊ ဘန်ကောက်
  ၀၂ ၂၃၃ ၂၂၃၇

- ရွှေ့ပြောင်းအကူအညီ ဖုန်းလိုင်း
  ၀၈၀ – ၄၅၆ – ၅၅၆၀ (မြန်မာလို ပြောနိုင်သည်)

- အလုပ်သမားအခွင့်အရေး မြင့်တင့်ရေး ကွန်ယက်
  ၀၉၀ ၈၉၃ ၀၇၆၆ (မြန်မာလို ပြောနိုင်သည်)

- ထိုင်းကုန်သွယ်မှု သမဂ္ဂ – ရွှေ့ပြောင်း လုပ်သားများ
  အရင်းအမြစ်ဌာန (စမွတ်ပရာကန်)
  ၀၂ ၃၈၄ ၀၄၃၈ (မြန်မာလို ပြောနိုင်သည်)

- ရွှေ့ပြောင်း အလုပ်သမားများ အခွင့်အရေး ကွန်ယက်
  (စမွတ် ဆာကွန်)
  ၀၈၆ ၇၅၅ ၅၃၃၇ (မြန်မာလို ပြောနိုင်သည်)

- စတယ်လာ မာရီ သဘော်သားများ ဌာန ၊ဆွန်ကလာ၊
  ၀၇ ၄၃၁ ၃၄၀၉

- ချုံဘူရီ
  ၀၃၈ ၇၇၁ ၃၁၃ ၊ ၀၈၁ ၄၀၁ ၂၈၁၆၊ ၀၈၉ ၁၅၀ ၇၄၉၀၀

## မှတ်စု

**မိသားစုဝင်များ**

အမည်

လိပ်စာ

ဆက်သွယ်ရန်ဖုန်း

အခြားဆက်သွယ်ရန်ဖုန်းများ

အီးမေးလ် (သို့) ဖေ့စ်ဘုတ်

ဝိုက်ဆိုက်

**ကလေးသူငယ်များကို အကူညီပေးနေသောအဖွဲ့အစည်းများ**

အမည်

လိပ်စာ

ဆက်သွယ်ရန်ဖုန်း

အခြားဆက်သွယ်ရန်ဖုန်းများ

အီးမေးလ် (သို့) ဖေ့စ်ဘုတ်

ဝိုက်ဆိုက်